dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

***"Who helps the Homeless?"***

ဖြစ်ပါတယ်။ (ဇွန် ၊၁၁ ၊၂၀၁၆ ရိုက်ကူးသည်။)

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ကျူးကျော်ပြဿနာ ဘယ်လိုဖြေရှင်းကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံက ထင်ရှားတဲ့ ပြဿနာတွေထဲမှာ ကျူးကျော်ပြဿနာဟာလည်း တစ်ခုအပါ အဝင် ဖြစ်လာနေပါတယ်။ လူဦးရေအထူထပ်ဆုံးနဲ့ စီးပွားရေးအချက်အချာဖြစ်နေတဲ့ ရန်ကုန်မြို့ဟာလည်း လက်ရှိမှာ ကျူးကျော်ပြဿနာ၊ လျှပ်စစ်မီးပြဿနာ၊ ရေကြီးရေလျှံမှု ပြဿနာ စတဲ့ ပြဿနာ သုံးသွယ်က ရေပန်းစားနေတဲ့ ကိစ္စရပ်တွေ ဖြစ်တယ်လို့ဆိုနိုင်မှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အစိုးရသက်တမ်းအတွင်းမှာ ကျူးကျော်တွေအပေါ် အငြင်းပွားဖွယ်ရာဖြေရှင်းမှု ပုံစံကြောင့် ကျူးကျော်ပြဿနာဟာ ပိုပြီးအာရုံစိုက်ခံလာရပါတယ်။ ယခုအစိုးရသစ်အဖွဲ့ရဲ့ ရန်ကုန်ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကျူးကျော်နေထိုင်မှုများကို မေလ ၂၆ရက် မှစ၍ အပြီး အပြတ်ရပ်ဆိုင်းရန် ပြောကြားထားသည်။

အစိုးရအဖွဲ့က အကြမ်းဖျင်း ကောက်ယူထားတဲ့ စာရင်းတွေအရ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ကျူးကျော်နေထိုင်သူ ၄၃၀,၀၀၀ ကျော်ရှိပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်မှာ ၁၅၇,၄၀၀ ဦး၊ ရန်ကုန်တောင်ပိုင်းခရိုင်မှာ ၉၃,၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်မှာ၈,၁၀၀ နဲ့ ရန်ကုန် မြောက်ပိုင်းခရိုင်မှာ ၁၇၀,၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

ရန်ကုန်တိုင်းက အဆိုပါ ကျူးကျော်နေထိုင်မှုတွေဟာ စက်မှုဇုန်အများအပြားရှိနေတဲ့ လှိုင်သာ ယာမြို့နယ် အတွင်းမှာ အများဆုံးရှိနေတာလို့လည်း သိရပါတယ်။ ရန်ကုန်တိုင်းအတွင်းမှာ စက်မှုဇုန် ၂၆ ဇုန် ရှိတဲ့ အနက် လှိုင်သာယာ မြို့နယ်မှာ စက်မှုဇုန်ပေါင်း ကိုးဇုန်ရှိနေတာ ဖြစ်ပါ တယ်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းက ကျူးကျော်သူတွေကို အမှန်တကယ်ကျူးကျော်သူ များ၊ ကျူးကျော်အချင်းချင်း ပြန်လည်ငှားရမ်းခြင်း၊ စီးပွားဖြစ်ကျူးကျော်ခြင်း၊ မင်းမဲ့စရိုက်ပုံစံ ကျူးကျော်ခြင်း၊ အသိအမှတ်ပြု ကျူးကျော်ခြင်း ဆိုပြီး အမျိုးအစား ၅ မျိုးခွဲခြားထားတယ်လို့ လည်း သိရပါတယ်။

ကျူးကျော်ဟုဆိုရာ၌ အစိုးရ၏ မြေယာသိမ်းဆည်းမှုများကြောင့် ကျူးကျော်ဘဝသို့ရောက်ရှိ နေထိုင်ကြသူ များရှိသကဲ့သို့ နေစရာ ငှားရမ်းခကြီးမြင့်လာသောကြောင့် ဆက်လက်ငှားရမ်း မနေထိုင်နိုင်တော့ဘဲ စည်ပင်ပိုင်မြေ၊ အစိုးရပိုင်မြေနှင့် ပုဂ္ဂလိကပိုင်မြေတို့၏ မြေလွတ်နေရာ များတွင် တဲထိုးနေထိုင်ပြီး ကျူးကျော်နေထိုင်သူများနှင့် သဘာဝဘေး အန္တရာယ်ကြောင့် စသည့်အကြောင်းခြင်းရာများကြောင့် ယင်းဘဝရောက်ရှိ သူများရှိကြောင်းလည်း အချို့က ထောက်ပြကြသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်နေထိုင်သူများအားလုံးကို "ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေး သုတေသ စီမံကိန်း" အနေနဲ့ စနစ်တကျ စာရင်းကောက်ယူပြီးနောက် ၎င်းတို့ရဲ့ နောက်ကြောင်း ရာဇဝင် ကို စုံစမ်းမည်ဖြစ်ပြီး အမှန်တကယ် အခက်အခဲဖြစ်နေသူကို ယင်းတို့ ၏ ဘဝပြန်လည်ထူထောင်ပေးနိုင် ရေးအတွက် ယာယီ Camp တခုကို ရွှေ့ထားကာ နေစရာ၊ အလုပ်အကိုင်များ ရှာဖွေပေးမှာ ဖြစ်တယ်လို့ ဝန်ကြီးချုပ်က ဆိုထားသည်။ ယင်းစီမံကိန်းကို ၄၅ ရက်နှင့်အပြီး ဆောင်ရွက်မည်ဖြစ်ပြီး စတင်မည့်အချိန် ကို ထပ်မံကြေညာပေးမည်ဟုလည်း ဆိုထားသည်။

ယင်းသို့တရားဝင် ရှင်းပြမှုများအပြီး ယင်းသို့ယာယီ Camp တစ်ခုအနေဖြင့် ဆောင်ရွက်မည့် အပေါ်နှင့် ယခုပြဿနာကို အမှန်တကယ် ယခုအချိန်မှုနှင့် အမှန်တကယ် ကိုင်တွယ်နိုင်ခြင်း ရှိမရှိ တို့အပေါ် ဝေဖန်သုံးသပ်မှုများလည်း ရှိလာခဲ့ရာ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်က မတူညီ သည့် ရှုထောင့်တို့မှ အမြင်များနှင့် ယင်းကစ္စအပေါ် ကျွမ်းကျင်သူများက ဆွေးနွေးတင်ဆက် ကြမှာဖြစ်ပါတယ်။

## သူတို့အမြင်

"ဒီနေရာမှာ ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ။ ဒီလူတွေ အမြန်ဆုံးနောက်ဆုတ်ဖို့လိုအပ်ပါလိမ့်မယ်။ နောက်မဆုတ်ရင် တည် ဆဲဥပဒေအရ စတင်အရေးယူမှာဖြစ်ပါတယ်။ ကျနော်တို့ဟာ တကယ့်ကို အခက်အခဲဖြစ်နေတဲ့ သူတွေ အတွက် နွေးထွေးတဲ့ ကူညီမှုတွေ ရှိနိုင်မှာဖြစ်သလို ဥပဒေကို လက်တ လုံးခြား ချိုးဖောက်ပြီး ဥပဒေချိုးဖောက်မှု ဟာ အမှန်တရား တခုလို ထူထောင် မယ်ဆိုရင်တော့ ကျနော်တို့ရဲ့ နိုင်ငံသစ်မှာရှိနိုင်တော့မှာ မဟုတ်ဘူးလို့ ပြောပါရစေ " **ဦးဖြိုးမင်းသိန်း** - ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်။

"ကျွန်တော်တို့အစိုးရသစ်မှာ ကျူးကျော်တွေကို အင်အားသုံးနှင်ထုတ်တဲ့ ပေါ်လစီ မရှိပါဘူး။ ကျူးကျော်နေပြည်သူတွေကို အကောင်းဆုံးအကြံပေးချင်တာကတော့ ရန်ကုန်တိုင်း အစိုးရ အသစ် ဖွဲ့စည်းပြီးဖြစ်ပါတယ်။ မိမိတို့ ကျူးကျော်နေထိုင်ရတဲ့ အခြေအနေ အခက်အခဲတွေကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေကနေ တဆင့် တိုင်းအစိုးရကို တင်ပြကြပါလို့ အကြံပေးချင်တယ်"
**ဒေါက်တာသန်းမြင့်** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ။

"ညဘက်တွေမှာ ခိုးဆောက်ကြတာများတယ်။ တစ်ညတည်း တဲအလုံး နှစ်ဆယ် သုံးဆယ်လောက်တပြိုင် တည်းကို အုံနဲ့ ကျင်းနဲ့ ဆောက်ကြတာ။ ရပ်ကွက်တွေထဲဆောက်ရင်တော့ ရပ်ကွက် အုပ်ချုပ် ရေးမှူးတွေက အကြောင်းကြားတာတွေ ရှိသလို သူတို့လည်း ညဘက်ကို စောင့်ဆိုင်းပြီး ကြည့်နေရ တဲ့ အဆင့်ထိ ရှိတယ်။ ခိုးတိုးတဲ့ လူလည်း တိုးတယ်။ ရှိပြီးသားတဲဟောင်းကို ထပ်ပြီး တစ်ဖက်ရပ် တဲ သစ်ကလည်းလုပ်ကြတယ်။ ဝန်ကြီးချုပ်က ကျူးတွေကို မြေပြန်ပေးမယ်လို့ သတင်းထွက်လာပြီးတဲ့ နောက်ပိုင်း လူတွေက alart ဖြစ် လာတာလည်း ပါတယ်။ နဂိုရှိပြီးသားနေရာတွေမှာ ကပ်ပြီးတော့ တိုး တာကလည်းပိုများတယ်"
**ဦးကြည်စိုး** - လှိုင်သာယာမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (ဟောင်း)။

"ပေးထားတဲ့နေရာတိုင်းအားလုံးဟာ သူဘာမှအလကားရမှာမဟုတ်ပါဘူး။ ဒီမှာသူနေရမယ်။ ဒီကနေ ဘဝကို တိုးတက်အောင်လုပ်ရမယ်။ ပြီးရင် သူ့ဘဝမြင့်မားသွား တဲ့အဆင့်အထိ နိုင်ငံတော်က အဆုံး တာဝန်ယူသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အလုပ်လုပ်ရ မှာဖြစ်ပါတယ်။ အလုပ်မလုပ်ဘဲ ဘာမှအလကား မရပါ ဘူး။ အလုပ်လုပ်ရင် ပိုင်ဆိုင်မှုတွေ ရှိလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းရဖို့အတွက် ကျနော်တို့က တာဝန် ယူပြီးရှာဖွေပေးပါမယ်"
**ဦးဖြိုးမင်းသိန်း** - ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်။

*Information links:*

www.7daydaily.com
www.myanmartimes.mm.com
www.burma.irrawaddy.org
www.dvbdebate.net